## ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးနေမှုအခြေအနေများ

၁။ မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သော မြန်မာအလုပ်သမားများအတွက် ဂျပန်နိုင်ငံ၏ အလုပ်သမားဥပဒေပါအခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေး၊ မြန်မာအလုပ်သမားများဂျပန်နိုင်ငံ၌ နေထိုင်အလုပ်လုပ်ကိုင်စဉ် လူမှုဘဝလုံခြုံမှုရရှိရေး၊ အလုပ်သမားများ ပြည်ပလုပ်ငန်းခွင်မှ နည်းပညာများနှင့် အတွေ့အကြုံများ ရရှိရေးစသည်တို့ကို ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိနိုင်ရေးကို ဦးတည်ကာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ မြန်မာအလုပ်သမားများခေါ်ယူလိုသည့် ဂျပန်ကုမ္ပဏီစုစုပေါင်း(၁၆၃)ခုသို့ အလုပ်သမား(၅၉၅)ဦး လာရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်လည်းကောင်း၊ ဂျပန်နိုင်ငံဘက်မှအဖွဲ့အစည်းများဖြစ်ကြသည့် JITCO ၊ JMA တို့နှင့်လည်းကောင်း ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အလုပ်သမားများသည် ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၌ ဘာသာစကားနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ တက်ရောက်သင်ယူလျက်ရှိနေပြီဖြစ်ပါသည်။

၃။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် ဂျပန်နိုင်ငံမှ အလုပ်ခေါ်ယူသည့် ကုမ္ပဏီများ မှန်ကန်မှုရှိ-မရှိ၊ အလုပ်သမားများ အမှန်တကယ် ရရှိခံစားနိုင်မည့် လုပ်ခလစာနှင့် အလုပ်သမားများထံမှ ဖြတ်တောက်ကောက်ခံမည့်စရိတ်များ ဆီလျော်မှုရှိ-မရှိ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်နှင့် နေရာထိုင်ခင်းများ လုံခြုံစိတ်ချ၍ အဆင်ပြေနိုင်မှုရှိ-မရှိ စသည်ဖြင့် အသေးစိတ်စစ်ဆေးလျက်နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်မည့် ကုမ္ပဏီများ၌သာ မြန်မာနိုင်ငံသားများ အလုပ်လုပ်ကိုင်ခွင့်ရရှိနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ထို့အတူ မြန်မာနိုင်ငံဘက်မှ အလုပ်သမားများစေလွှတ်မည့် ကုမ္ပဏီများအနေဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များအပေါ် အလွဲသုံးစားပြုလုပ်ခြင်းမရှိစေရန်နှင့် အလုပ်သမားများမှ ထည့်သွင်းစဉ်းစားနိုင်ရန် ၎င်းတို့ရရှိမည့် လစာအခွင့်အရေး၊ အလုပ်အကိုင်အမျိုးအစား၊ ကုမ္ပဏီမှတာဝန်ယူသည့် ခရီးစရိတ်နှင့် နေရာထိုင်ခင်းအခြေအနေ စသည်တို့ကို ဂျပန်နိုင်ငံသို့ လာရောက် အလုပ်မလုပ်ကိုင်မီကြိုတင်သိရှိ၍ ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှတဆင့် အသေးစိတ်အချက်အလက်များ၊ ဓါတ်ပုံများပေးပို့၍ စိစစ်အကြောင်းကြားပေးလျက် မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း အသိပေးအပ်ပါသည်။